# ကရူစူးလက်ဝါးကပ်တိုင်ပွဲ

ရှင်ယောဟန် ၃း၁၃-၁၇

ကရူစူးလက်ဝါးကပ်တိုင်ကို ဂုဏ်ပြုကြတဲ့ပွဲမှာ ကျနော်တို့က လက်ဝါးကပ်တိုင်ဆိုတဲ့ သစ်သားတိုင်ကြီးကို ဂုဏ်ပြုနေကြတာမဟုတ်ဘူး၊ ကားတိုင်ပေါ်မှာအသေခံတဲ့ ယေဇူးဘုရားရှင်ကို ဂုဏ်ပြုချီးမွမ်း ကိုးကွယ်နေကြတာပါ။ ကျနော်တို့က လက်ဝါးကပ်တိုင်ကို ဘယ်လိုစိတ်သဘောထားနဲ့ ခံယူကြသလဲ။ ဒုက္ခဆင်းရဲကို ယုံကြည်ခြင်းအပြည့်အဝနဲ့ ခံယူဖို့ မစဉ်းစားကြဘူး။ အလှအဖြစ်နဲ့ လည်ပင်းမှာ ဆွဲထားကြတယ်။ လက်ဝါးကပ်တိုင်ကို ဝယ်တော့မယ်ဆိုရင် လှမှ ဝယ်ချင်ကြတာ၊ လှမှ လည်ပင်းမှာ ဆွဲထားချင်ကြတာ။ ဒါပေမဲ့ တကယ့် အစစ်အမှန်ကားတိုင်က ကြောက်စရာကောင်းတယ်၊ ကြည့်ချင်စရာမကောင်းဘူး။ ဟေရှာယကျမ်း ၅၂ မှာ ရေးထားသလို ကားတိုင်ပေါ်ကယေဇူးဟာ "နှစ်လိုဖွယ်ရာမရှိ၊ ကြည့်ချင်စဖွယ်ရာမရှိ၊ လူရုပ်တောင်မပေါက်တော့ဘူး" တဲ့။ ကြည့်လိုက်ရတဲ့လူတွေရဲ့စိတ်နှလုံးသားမှာ သနားစိတ် ဝင်လာစေတယ်။ ကားတိုင်ကို ချီးမွမ်းတဲ့ ဒီပွဲမှာ လူတွေကို ချစ်လို့ ပေးဆပ်လိုက်တဲ့ဒုက္ခ ဘယ်လောက်ကြီးမားသလဲ၊ ဘယ်လောက်အထိချစ်သလဲဆိုတာ သိသာစေပါတယ်။

ရှင်ယောဟန် ရေးထားတာက "ဘုရားသခင်သည် မိမိ၏တစ်ပါးတည်းသောသားတော်ကို စွန့်တော်မူသည့်တိုင်အောင် ကမ္ဘာလောကသားတို့ကို ချစ်တော်မူ၏" တဲ့။ "သားတော်ကို ယုံကြည်သောသူသည် အပြစ်စီရင်ခြင်းကို မခံရ။" ကားတိုင်က ဘာကို ပြနေသလဲဆိုရင် သင်ကောင်းကောင်း/မကောင်းကောင်း ဘုရားက သင့်ကို ချစ်နေတယ်ဆိုတဲ့ လက္ခဏာပဲ။ ဘုရားက လူတွေကို အင်မတန်သနားတယ်ဆိုတာကို မြင်နိုင်ပါတယ်။ နောက်ပြီး ဘာကိုသက်သေပြနေသေးသလဲဆိုရင် မကောင်းမှုကို အနိုင်ယူဖို့နည်းလမ်းကတော့ အပြစ်မဲ့ဒုက္ခခံထမ်းခြင်းပါပဲ။ ကိုယ့်မှာ အပြစ်အမှားလည်းမရှိပဲနဲ့ ခံရတဲ့ဒုက္ခ/အပြစ်မဲ့ဒုက္ခခံထမ်းခြင်းက မကောင်းမှုကို နိုင်နင်းနိုင်တယ်။ အကြမ်းဖက်ခြင်း၊ ဂလဲ့စားချေခြင်းတွေက မကောင်းမှုကို ပိုပြီးတော့ ပွါးများစေတယ်။

သခင်ယေဇူးက အခုလို မခံထမ်းပဲနဲ့ ပြန်ချလို့ ရပါတယ်။ သခင်ယေဇူးဘက် ပါမည့်သူတွေလည်း များပါတယ်။ ရောမတွေကို ပြန်ချမယ်ဆိုရင် အသက်ပေးမည့်ကောင်တွေ အများကြီး သခင်ယေဇူးနဲ့လက်တွဲပြီး ချကြမှာပဲ။ ဒါပေမဲ့ လက်ဝါးကပ်တိုင်ဝါဒကိုပဲ ယေဇူးက ရွေးချယ်ခဲ့တယ်။

လက်ဝါးကားတိုင်က ဘယ်လိုလုပ် လူတွေကို ပြောင်းလဲစေတာလဲ။ လက်ဝါးကားတိုင်က ဘယ်လိုလုပ် အောင်မြင်စေတာလဲ စဉ်းစားကြည့်ရအောင်။

ယနေ့ ပထမကျမ်းစာမှာ အီဇရာအဲလ်လူမျိုးတွေ တောကန္တာရမှာ မြွေကိုက်ခံတဲ့အကြောင်း ဖတ်ရပါတယ်။ လူတွေကလည်း ဟုတ်ပါတယ်၊ အခက်အခဲရောက်တိုင်း မိုးဇယ်ကို ဆန့်ကျင်ကြ၊ ဘုရားကို စိတ်မရှည်ကြနဲ့။ ဒါနဲ့ မြွေတွေကိုက်တာကို ခံရတယ်။ ဒါဟာ ဘုရားက သူတို့ကို ဒဏ်ခတ်တာလား၊ မဟုတ်ပါဘူး။ သူတို့အပြစ်နဲ့သူတို့ ခံရတာပါ။ သူတို့အပြစ်ရဲ့အကျိုးဆက်ပါပဲ။ အမှန်ဆိုရင် သူတို့က ဘုရားကို ကျေးဇူးတင်ရမှာ အီဂျစ်ပြည်ကျွန်ဘဝမှ လွတ်မြောက်လို့။

ကိုယ့်ဘဝကို အဆိုးမြင်နေတဲ့လူတွေက ဒီအတိုင်းပဲ အဲဒီအကျိုးကို ခံရတာပဲ။ အဲဒီစိတ်ထားက လူကို မပျော်နိုင်မရွှင်နိုင်ဖြစ်စေတယ်။ ဒါနဲ့ မိုးဇယ်က လူတွေအတွက် ဆုတောင်းပေးလိုက်တဲ့အခါ ဘုရားက လမ်းညွှန်တယ်၊ "မြွေကိုက်ဒဏ်ရာမှ ပျောက်ကင်းစေဖို့ တိုင်ပေါ်မှာ တင်ပြီးမြှောက်ထားတဲ့ကြေးမြွေရုပ်ကို ကြည့်ရမယ်" တဲ့။ ကျနော်တို့က ထင်ကြမယ်၊ ဘုရားကလည်း အခုလူတွေက မြွေကိုက်လို့ ဒုက္ခဖြစ်နေပါတယ်ပြောနေ အဲဒီမြွေကိုပဲ ကြည့်ခိုင်းရသလား၊ တခြားဟာ ကြည့်ခိုင်းပါ့လား လို့ ကျနော်တို့ ပြောချင်ကြမယ်။ ဒါပေမဲ့ ဒီလူတွေ မြွေကိုမြင်တိုင်း သူတို့အပြစ်ကို သူတို့ သတိယတော့မယ်၊ သူတို့အပြစ်ကို အရေးတယူထားတော့မယ် "ဒီမြွေကြောင့် ငါတို့ အခုလို ဖြစ်တာ၊ ဒီမြွေကြောင့် ငါတို့ဘဝပျက်တာ။" စသဖြင့် သူတို့ကိုမှတ်သွားစေတယ်၊ အရေးတယူ ဖြစ်သွားစေတယ်။ ဒါကြောင့် မြွေကိုက်လို့ဖြစ်တာကို မြွေရုပ်ကိုပဲ ပြန်ကြည့်ခိုင်းတယ်။ မြွေကိုမြင်တိုင်း သူတို့လုပ်ခဲ့တဲ့အပြစ်ကို စိတ်နာစေတယ်။ မှတ်ပြီလား၊ မှတ်ပြီလား နောက်လုပ်အုံးမလားဆိုတဲ့သဘော ဖြစ်အောင်ကို လုပ်ပစ်လိုက်တာပါပဲ။

ဟုတ်တယ်၊ လူတွေကလည်း ကိုယ့်ကို ဒုက္ခရောက်စေတဲ့အပြစ်ကို ပေါ့ပေါ့ဆဆ နေကြတယ်။ အရေးတယူမထားကြဘူး။ ဒါကြောင့် အဲဒီအပြစ်ထဲ ပြန်ရောက်တာပါပဲ။ အခု အာပတ်ဖြေတယ်၊ ပေါ့ပေါ့ဆဆပဲ။ မကြာခင် အဲဒီအပြစ် ပြန်လုပ်တယ်။ အမှတ်အသားမရှိဘူး၊ ဒါကြောင့် ဘယ်တော့မှလည်း အပြစ်ရဲ့ကျွန်ဘဝမှ မလွတ်မြောက်နိုင်ဘူး။ အပြစ်ရဲ့ဆိုးကျိုးတွေကိုလည်း သတိမမူကြဘူး။ ဘယ်တော့မှ သင်ခန်းစာလည်း မယူကြဘူး။

ယနေ့ဖတ်ရတဲ့ ရှင်ယောဟန် အခဏ်းကြီး ၃ မှာ "မိုးဇက်သည် တောကန္တာရ၌ မြွေကို မြှောက်ထားသကဲ့သို့ လူသားသည် မြှောက်ထားခြင်းခံရလိမ့်မည်။ ဤသို့ဖြင့် သူ၌ယုံကြည်သူဟူသမျှသည် ထာဝရအသက်ကို ရလိမ့်မည်" တဲ့။ ကားတိုင်တော်မှာ မြှောက်ထားခြင်းခံရတာကို ကြည့်ခြင်းအားဖြင့် ကျနော်တို့ သိလာကြပြီ "သြော် . . ဘုရားက ငါတို့ကို အဲဒီလောက်အထိ ချစ်တာလား၊ သနားတာလား၊ အဲဒီလောက်အထိ ခွင့်လွှတ်တာလား" ဆိုတာ ချက်ခြင်း သိစေတယ်၊ ယုံကြည်လာစေတယ်။ အဲဒီအပြစ်မဲ့ ဒုက္ခခံတာက တော်တော်အစွမ်းထက်တယ်။ သူ့ကောင်းကျိုးအတွက် ခံရတာလည်း မဟုတ်ဘူးဗျာ၊ သူတပါးကောင်းကျိုးအတွက် ကိုယ်က ခံထမ်းပေးတယ်။ သူ့အမှားကြောင့် ခံရတာလည်း မဟုတ်ဘူး၊ သူ့မှာ အပြစ်မရှိဘူး၊ လူတိုင်းသိကြတယ်။ အများပြည်သူတွေ လွတ်မြောက်ဖို့ သူက ဒုက္ခခံပေးတာ၊ ကိုယ့်ဘဝကို စွန့်လွှတ်တာ၊ သူ့အသက်ကို အသေခံတာ။ ဒီလို အပြစ်မဲ့ဒုက္ခခံတာကြောင့် ဘာကောင်းကျိုးတွေ သက်ရောက်လာသလဲဆိုတော့ လူတွေလည်း သူ့လို ကိုယ်ကျိုးစွန့်ပြီး အများပြည်သူကောင်းကျိုးအတွက် အသက်စွန့်ရဲလာတယ်။ သတ္တိတွေ ရှိလာတယ်။ ခွန်အားတွေ ရလာတယ်။ သခင်ယေဇူးက သိတယ် ဒီ အပြစ်မဲ့ ဒုက္ခခံခြင်းက ဘယ်လောက်တောင် ကောင်းကျိုးတွေပေးသလဲဆိုတာ သခင်ယေဇူးက ကောင်းကောင်းသိတာပေ့ါ။ ဒါကြောင့် ရှေးဦးအသင်းတော်တုံးက ယုံကြည်သူတွေက အသေခံတိုင်း နောက်ထပ်ယုံကြည်သူတွေ တိုးပွါးလာခဲ့တယ်။ အခုလည်း ကျနော်တို့ ယေဇူးဘုရားရှင် ခံထမ်းတဲ့ဒုက္ခကို စဉ်းစားဆင်ခြင်လိုက်တိုင်း ကျနော်တို့ နှလုံးသားတွေ ပြောင်းလဲကြတယ်။

ယနေ့ဖတ်ရတဲ့ ဒုတိယကျမ်းစာ ဖိလိပိ ၂ မှာ "ဘုရားသခင်သည် ကိုယ်တော့်အားထူးကဲစွာချီးမြှောက်၍ ဘွဲ့နာမတကာတို့ထက် ကြီးမြတ်သည့်ဘွဲ့နာမတော်ကို အပ်နှင်းတော်မူ၏။" ဘုရားသခင်က သခင်ယေဇူးကို ဘယ်နှစ်ခါ ချီးမြှောက်ခဲ့တာလဲ ဒီမှာပြောချင်တာက သခင်ယေဇူးကို မြေကြီးနဲ့ လွတ်ပြီး ဘယ်နှစ်ခါ မြှောက်ထားခဲ့တာလဲ။ (၃)ခါ မြှောက်ထားခြင်း ခံရတာကို တွေ့ရပါတယ်။ လက်ဝါးကားတိုင် တင်တုံးက တစ်ခါ၊ သေရာမှ ပြန်ရှင်တုံးက တစ်ခါ နဲ့ ကောင်းကင်ဘုံ တက်တော်မူတဲ့အခါ တစ်ခါ ပေါ့။ (၃)ခါ စလုံး မြှောက်ထားခြင်းခံရတိုင်း ကျနော်တို့ ကယ်တင်ခြင်းရတယ် မဟုတ်လား။ မကောင်းမှုကို နိုင်တဲ့နည်းကို သိလာရပြီ။ မတရားမှုကို နိုင်တဲ့နည်း သိလာရပြီ။ အပြစ်ကို ကျော်လွှားနိုင်တဲ့နည်း သိလာကြပြီ။ ခရစ်တော်နဲ့အတူ ကားတိုင်ထမ်းခြင်းဖြင့် ကျနော်တို့ ခွန်အားတွေရရှိကြပါလိမ့်မယ်။ နားဆင်သူအားလုံးအပေါ် ဘုရားသခင့်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။